စိုက်ပျိုးရေးဦးစီးဌာန
စာအမှတ်--------
ရက်စွဲ--------
ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန

စာအမှတ်၊PPD-GACC-၀၁/၂၀၂၆(၂၃၉ )

ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

အကြောင်းအရာ။ **တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့ခွင့် မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီများ အား စိတ်ဝင်စားမှု (Expression of Interest – EOI) အဆိုပြုလွှာ တင်ပြရန် ဖိတ်ခေါ်ခြင်းအတွက် ထပ်ဆင့်ဖြန့်ဝေ ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားခြင်း**

၁။ တရုတ်နိုင်ငံသို့ ဆန်/ ဆန်ကွဲ တင်ပို့လိုသည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံချုပ်ဆိုထားသော အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်သဘောတူ စာချုပ်အရ Sanitary and Phytosanitary (SPS) Protocol သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံသို့ ဆန်/ ဆန်ကွဲ တင်ပို့ခွင့်မှတ်ပုံတင် လျှောက်ထားလိုသည့် ကုမ္ပဏီအသစ်များ (ယခင်ခွင့်ပြုထားပြီးသောကုမ္ပဏီများမပါ) အနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ တရုတ်နိုင်ငံသို့ ဆန် / ဆန်ကွဲတင်ပို့နိုင်ရေးနည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group) (မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) တွင်လည်းကောင်း ရယူပြီး (၁၀.၆.၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုတင်ပြလျှောက်ထားနိုင်ပါကြောင်းနှင့် ပူးတွဲပါ "အဆိုပြုလွှာဖိတ်ခေါ်ခြင်း" နှင့် "လျှောက်လွှာပုံစံ"များအား လုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးနိုင်ပါရန် အသိပေးအကြောင်းကြားပါသည်။

၁၀-၄-၂၀၂၆

သူရစိုး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဖွဲ့ခေါင်းဆောင်၊ Technical Working Group

**ဖြန့်ဝေခြင်း**

- မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊(ညီနောင်အသင်းများ၊ အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)

- မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (ကြော်ငြာထည့်သွင်းပေးနိုင်ပါရန်နှင့် အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့သူ၊ရောင်းချသူများအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံကော်ဖီအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (MRCCI) (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန
အဖွဲ့ဝင်များ ( Technical Working Group)
ရုံးလက်ခံ